**(၅) ပြောင်းရိုးမည်းရောဂါ (Charcoal rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Macrophomina phaseolina* (Tassi) Goid**

**ရောဂါလက္ခဏာများ**

ပင်စည်အောက်ဖက် ဆစ်ကြောများတွင် အစင်းများ အက်ကွဲကြောင်းများတွေ့ရသည်။ ပင်စည်ရိုးတံပေါ်တွင် စကယ်လိုးရှားမှိုလုံးငယ်လေးများ တွေ့နိုင်သည်။ ပင်စည်ကိုခွဲကြည့်ပါက မီးသွေး မှုန့်ကဲ့သို့ အမဲရောင်အမှုန့်များကိုတွေ့ရသည်။



